# သာမန်ကာလ (၁၅) ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၁၃း၁-၂၃

ဘုရားသခင်က လူကို စကားပြောနိုင်တဲ့အရည်အချင်းနဲ့ ဖန်ဆင်းပေးထားတယ်၊ တိရစ္ဆာန်တွေမှာ စကားပြောနိုင်တဲ့အရည်အချင်း ပေးမထားဘူး။ နောက်ပြီး လူကို Music ဆိုတဲ့ သီချင်းသံစဉ်တွေကို ခွဲခြားနားလည်ပြီး သီချင်းတွေဖန်တီး သီဆိုနိုင်တဲ့ အရည်အချင်းပေးထားတယ်။ တိရစ္ဆာန်တွေမှာတော့ Music ကို နားမလည်နိုင်ကြပါဘူး။ ဘုရားကို သိတ်ကျေးဇူးတင်စရာကောင်းပါတယ်။ လူက စကားပြောနိုင်စွမ်းရှိလို့ တစ်ယောက်နဲ့ တစ်ယောက် ပြောဆိုဆက်ဆံနိုင်တယ်။ အားပေးနိုင်တယ်။ လမ်းညွှန်နိုင်တယ်။ အမှားပြင်ပေးနိုင်တယ်။ ပညာသင်ပေးနိုင်တယ်။ တစ်ယောက်ဆန္ဒ တစ်ယောက် ထုတ်ဖော်ပြောပြနိုင်တယ်။

ဒါပေမဲ့ အဲဒီစကားတွေကြောင့်ပဲ သူက ငါ့ကို မုန်းနေမှန်း ငါ ကြားသိရတယ်။ သူက ဒီစကားလုံးတွေနဲ့ ငါ့ကို လိမ်ညာတယ်။ သူက ဒီစကားတွေနဲ့ ငါ့ကို လမ်းမှားရောက်အောင် ဖြားယောင်းသွေးဆောင်တယ်။ ပျက်ချင်ရင်လည်း ဒီစကားကြောင့်ပဲ ကောင်းချင်ရင်လည်း ဒီစကားကြောင့်ပဲ။ ဒါကြောင့် ကိုယ်ပြောလိုက်တဲ့စကားဟာ သူတစ်ပါးကို အပျက်သဘော ဖြစ်စေမလား၊ အကောင်းသဘော ဖြစ်စေမလား။ တစ်ခုခုတော့ တစ်ခုခုပဲ။ စကားကြောင့် ကြားရတဲ့သူကို ရိုက်ခတ်သွားနိုင်တယ်။ ထိခိုက်သွားနိုင်တယ်။ ကောင်းကျိုးလည်း ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ဟေရှာယကျမ်း ၅၅ မှာ "မိုးရေနှင့် ဆီးနှင်းတို့သည် မိုးကောင်းကင်မှ ကျဆင်းလာပြီး အချည်းအနှီးသက်သက် ကောင်းကင်သို့ ပြန်မသွားဘဲ မြေကြီးကို စိုစွတ်စေကာ ကြွယ်ဝသော မြေဆီလွှာဖြစ်စေပြီး စိုက်ပျိုးသူအား မျိုးစေ့ကိုလည်းကောင်း၊ စားသောသူအား အစားအစာကိုလည်းကောင်း ရရှိစေသကဲ့သို့ ငါ၏နှုတ်ကပါဌ်တော်စကားသည်လည်း ထို့အတူ ဖြစ်လိမ့်မည်။" တဲ့။ မိုးရေက မြေကြီးပေါ် ရွာချပြီး ကောင်းကျိုးတွေဖြစ်လာတယ် မြေဆီလွှာ အားကောင်းလာတယ်။ အပင်ပေါက်စေတယ်။ ဒီလိုပဲ မိုးရေက မြေပေါ်ကျပြီး အလကားမဖြစ်သလိုပဲ ဘုရားရဲ့တရားတော် နှုတ်တော်ထွက်စကားဟာလည်း လူတွေကို ကြားရစေပြီး တစ်ခုခုတော့ ထိရောက်လာတာပါပဲ၊ အဲဒီ ကြားရတဲ့လူအတွက် ကောင်းကျိုးလား၊ ဆိုးကျိုးလား တစ်ခုခုတော့ တစ်ခုခုပဲ ဖြစ်ကိုဖြစ်မယ်။ ဘာမှ မထိရောက်ပဲ မိုးပေါ်ကို ပြန်တက်မသွားဘူး။ အချည်းအနှီး မဖြစ်သွားဘူး။ ဒီလိုပဲ ဘုရားရဲ့တရားကို လက်ခံကျင့်သုံးသူအဖို့ ကောင်းကျိုး ဖြစ်ထွန်းမယ်၊ လက်မခံသူအဖို့ ဆိုးကျိုးဖြစ်လိမ့်မယ်၊ ဒါပဲ ၊ တစ်ခုခုတော့ တစ်ခုခု ဖြစ်ရောက်မှာ သေချာတယ်။

ဘုရားသခင်ရဲ့နှုတ်တော်ထွက်စကားကို ကြားရပေမဲ့ လက်ခံပုံလက်ခံနည်းတွေက တစ်ယောက်နဲ့တစ်ယောက် ကွာခြားပါတယ်။ အကြမ်းဖျင်းအားဖြင့် ၄ မျိုး ၄ စား ခွဲခြားပြီး မြင်လို့ ရပါတယ်။ နံပါတ်(၁)အမျိုးအစားက မပူမအေး အမျိုးအစား၊ သူက ကြားတာကတော့

ကြားပါတယ်။ ဒါပေမဲ့ ဂရုမစိုက်ဘူး။ ငါ့ဘဝနဲ့ ဘာမျှမဆိုင်ဘူး၊ ငါနဲ့ မကိုက်ညီဘူး။ ဘာမျှ အမိပ္ပါယ် မရှိဘူး၊ ငါ့အတွက် အရေးမကြီးဘူးလို့ပဲ ခံယူထားတယ်။ အဲလိုလူစားမျိုးက လမ်းပေါ်မှာ ကျတဲ့ မျိုးစေ့လိုပဲ၊ အပင် မပေါက်လိုက်ရပါဘူး။ အချိန်တန်တော့ ငှက်က လာကောက်စားသွားရော။

နံပါတ်(၂) အမျိုးအစားကတော့ နှုတ်တော်ထွက်စကားကို ကြားရပါတယ်။ ဝမ်းသာအားရ ခံယူပါတယ်။ ဒါပေမဲ့ တာရှည်မခံပါဘူး။ အခက်အခဲဒုက္ခလေး ခံလိုက်ရတာနဲ့ မေ့ပျောက်သွားတာပါပဲ။ အဲလိုလူစားမျိုးက ကျောက်ပေါ်မှာ ကျတဲ့မျိုးစေ့လိုပါပဲ။

နံပါတ်(၃) အမျိုးအစားကတော့ နှုတ်တော်ထွက်စကားကို ကြားပါတယ်။ လက်ခံပါတယ်။ ဒါပေမဲ့ သူ့စိတ်က စိုးရိမ်ပူပင်တဲ့စိတ် - တစ်ချိန်လုံး ဖြစ်နေတယ်။ တစ်ချိန်လုံး လောကမှာ ချမ်းသာကြွယ်ဝတာကိုပဲ သာယာနေတော့တယ်။ ဒါကိုပဲ ပြင်းပြတဲ့စိတ်၊ လိုချင်တတ်မက်တဲ့စိတ်တွေကပဲ သူ့ကို ကြိုးကိုင်နေတော့တာပါပဲ။ အဲလိုလူစားမျိုးက ဆူးပင်များအကြားတွင် ကျရောက်တဲ့မျိုးစေ့လိုပါပဲ။

နံပါတ်(၄) အမျိုးအစားကတော့ နှုတ်တော်ထွက်စကားကို ကြားရပါတယ်။ စိတ်ပါဝင်စားစွာနဲ့ နေ့တိုင်း စဉ်းစားဆင်ခြင်တယ်။ မနက်တိုင်း နှုတ်တော်ထွက်စကားအတိုင်း စိတ်ကောင်းနှလုံးကောင်း သွင်းနိုင်ဖို့ ကိုယ့်ကိုယ်ကို သတိပေးတယ်။ နှုတ်တော်ထွက်စကားဟာ ကိုယ့်အတွက် ဘဝလမ်းညွှန်ချက်၊ ခွန်အားဖြစ်စရာလို့ သိတယ်၊ နားလည်တယ်။ ဒါကြောင့် အဲဒီ တရားတော်အတိုင်း ကျင့်ကြံနေထိုင်တယ်။ ဒါကြောင့် အဲဒီလိုရဲ့ဘဝမှာ စိတ်ပျက်တယ်ဆိုတာ မရှိဘူး။ အမြဲတမ်း စိတ်အားတက်ကြွနေတယ်။ အဲလို ကောင်းကျိုးတွေဖြစ်ထွန်းတဲ့လူစားမျိုးကတော့ ကောင်းသောမြေပေါ်မှာကျတဲ့ မျိုးစေ့တွေလိုပါပဲ။

အခုလိုပဲ အသက်ရှိတဲ့မျိုးစေ့ကို လက်ခံယူတဲ့မြေအမျိုးအစား အမျိုးမျိုးကို တွေ့ရှိခဲ့ကြပါပြီ။ မြေအမျိုးအစားကို ကောင်းအောင် လူက ပြင်ပေးလို့ ရပါတယ်။ ဒါမှ တန်ဖိုးရှိလှတဲ့ မျိုးစေ့၊ အသက်ရှိတဲ့မျိုးစေ့၊ ဘုရားရဲ့နှုတ်တော်ထွက်စကားကို ကျနော်တို့ဆီမှာ အကျိုးအဆ ၁၀၀ ပွါးများစေတော့မှာပေါ့။ လူက ကိုယ့်စိတ်ကို ကိုယ် ပြင်လို့ ရပါတယ်။ မိမိကိုယ်ကို ထိန်းချုပ်ရမယ်။ နှုတ်တော်ထွက်စကားကို ဖတ်ရှုစဉ်းစားဆင်ခြင်ရမယ်။ နေ့စဉ်နေ့တိုင်း ကိုယ့်ကိုယ်ကို သတိပေးနှိုးဆော်ရမယ်။ ဒီလိုနည်းနဲ့ နှုတ်တော်ထွက်စကားကို ခံယူမည့် ကျနော်တို့ရဲ့နှလုံးသားကို ပြင်ဆင်ပေးနိုင်တယ်။ ကျနော်တို့ရဲ့ နှလုံးသားကို ကောင်းသောမြေဖြစ်အောင် ပြင်ဆင်ပေးနိုင်ပါတယ်။

အဲ့လို ပြင်ဆင်ပေးရတာ ခက်ခဲပါတယ်။ ဒုက္ခဆင်းရဲလို့ ထင်တတ်ကြပါတယ်။ ဒါပေမဲ့ ဒီလောကမှာ ကျနော်တို့ ခံထမ်းရတဲ့ဒုက္ခဆင်းရဲဟာ ဘာမျှ မပြောပလောက်ပါဘူး လို့ ရှင်ပေါလူးက ယနေ့ ဒုတိယကျမ်းစာ ရောမသြဝါဒစာ ၈ မှာ အခုလို ရေးထားပါတယ်။ "ညီအစ်ကို မောင်နှမအပေါင်းတို့ ယခုမျက်မှောက်ကာလ၌ ကျွန်ုပ်တို့ ခံရသော ဒုက္ခဆင်းရဲတို့သည် ကျွန်ုပ်တို့၌ ထင်ရှားလာမည့် ဘုန်းဂုဏ်တော်နှင့် နှိုင်းယှဉ်၍မရနိုင်ဟု မှတ်ယူ၏။" နောက်ပြီး ပျက်ဆီးနေတဲ့ လောကကြီးကလည်း လောကကြီးထဲမှာ ကောင်းတဲ့လူတွေ များလာဖို့၊ ဘုရားရဲ့သားသမီးတွေ အများစု ဖြစ်လာဖို့ စိတ်အားထက်သန်စွာ တောင့်တမျှော်လင့်နေတယ် တဲ့။ ဒါကြောင့် ကျနော်တို့

ဘဝတွေကို အကောင်းဖြစ်စေမည့် နှုတ်တော်ထွက်စကားကို ကျနော်တို့တစ်ယောက်ဆီမှာ အရာရောက်စေဖို့ အကျိုးဖြစ်ထွန်းစေဖို့ တစ်ယောက်ဆီရဲ့ စိတ်နှလုံးသားတွေကို ပြင်ဆင်ကြပါစို့ ကောင်းသောမြေဖြစ်စေဖို့၊ ဘုရားရဲ့ နှုတ်တော်ထွက်စကားကို အဆင်သင့်လက်ခံနိုင်ဖို့ နေ့တိုင်း မိမိကိုယ်ကို နှိုးဆော်ပေးကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။